# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

[သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၆.၀၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးဘရန်ရှော၊ ကချင်(၃)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဥပဒေ ကြမ်းအစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၇၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ အုတ်ဖို၊ မိုးညို မြို့နယ်များတွင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းတိုင်းတာရေးလုပ်ငန်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးက ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ အုတ်ဖို၊ မိုးညို မြို့နယ်များတွင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းတိုင်းတာရေးလုပ်ငန်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ် အတွင်းမှာရှိကြတဲ့ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) အတွင်းမှာရှိတဲ့ မင်းလှမြို့နယ်၊ မိုးညိုမြို့နယ်နဲ့ အုတ်ဖိုမြို့နယ်အတွင်းမှာ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များရဲ့ မေးမြန်းခဲ့မှုအပေါ်မှာ သက်ဆိုင်ရာအစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းအကောင်အထည်ဖော်ပေးခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ များစွာကျေးဇူးတင်ရှိပါတယ်။ အောင်လည်း အောင်မြင်မှုရှိနေပါတယ်။ အဲဒီတည်ဆောက်ရေးလုပ်ငန်းများဖြစ်တဲ့ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း တည်ဆောက်ခဲ့ခြင်းအတွက် ကျွန်တော့်မေးခွန်းမှာလည်း ပါပါတယ်။ အထူးသဖြင့် လမ်းတွေ၊ ကျောင်းတွေဟာ အရည်အသွေးပြည့်မီမှုမရှိတာတွေ၊ စံချိန်စံညွှန်းမမီတာ တွေကို ကျွန်တော်ကိုယ်တိုင်လည်း ကွင်းဆင်းတဲ့အခါတွေ့တာတွေကို ကျွန်တော့်ဆီကိုလည်းပဲ ဒေသခံ မိဘပြည်သူတွေက စာတွေနဲ့ ရေးပို့တာတွေ၊ တယ်လီဖုန်းတွေနဲ့ ဆက်ပြီးတော့ အကြောင်းကြားတာ တွေလည်းရှိပါတယ်။ ဒါကြောင့်မိုလို့ ဒါလေးတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ လွှတ်တော်မှာ မေးခွန်းမေးမြန်းရန်ကိစ္စလေး ပေါ်ပေါက်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါတည်ဆောက်ရေးလုပ်ငန်း များမှာ စံချိန်စံညွှန်း တိုင်းတာရေးလုပ်ငန်းများကို ဘယ်အဖွဲ့တွေက စိစစ်တယ်။ စိစစ်တွေ့ရှိချက် အပေါ်မှာ ဘယ်လိုအရေးယူဆောင်ရွက်တယ်ဆိုတာကို ပြည်သူများကလည်း သိရှိချင်နေတာဖြစ်သည့် အတွက် ပြည်သူများကိုယ်စား သိရှိရန်လိုအပ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟုမ္မလင်း-ခန္တီး မဟာဗျူဟာလမ်းအပိုင်းအား ပွင့်လင်းရာသီအချိန်မီ ကားလိုင်းပြေးဆွဲနိုင်ရေး အတွက် ဆောင်ရွက်ပေးရန်နှင့် ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် မဟာဗျူဟာလမ်းသို့ ဆက်သွယ်ပေး ရန် အစီအစဉ်ရှိ၊ မရှိ စပ်လျဉ်းတဲ့မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က ဟုမ္မလင်း-ခန္တီး မဟာဗျူဟာလမ်းအပိုင်းအား ပွင့်လင်းရာသီအချိန်မီ ကားလိုင်းပြေးဆွဲနိုင်ရေး အတွက် ဆောင်ရွက်ပေးရန်နှင့် ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် မဟာဗျူဟာလမ်းသို့ ဆက်သွယ်ပေးရန် အစီအစဉ်ရှိ၊ မရှိ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္တီး- ဟုမ္မလင်း မဟာဗျူဟာလမ်းအပိုင်းအား ပွင့်လင်းရာသီအချိန်မီ ကားလိုင်း ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် ချင်းတွင်းမြစ် ကမ်းဘေးရှိ ကျေးရွာများနှင့် မဟာဗျူဟာ လမ်းသို့ ဆက်သွယ်ရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ခန္တီး- ဟုမ္မလင်း လမ်းအပိုင်းဟာ သက်ကယ်ချင်း- ဖောင်းပြင်- ဟုမ္မလင်း- ခန္တီး လမ်းအပိုင်းမှာပါဝင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ မဟာဗျူဟာလမ်းအဖြစ် ၁၉၈၂ ခုနှစ်မှာ သတ်မှတ်ပြီး ဖောက်လုပ်ခဲ့ တဲ့လမ်း ဖြစ်ပါတယ်။ ပြည်တွင်းဆောက်လုပ်ရေးအဖွဲ့နဲ့ တပ်မတော်အင်ဂျင်နီယာအဖွဲ့တို့ ပူးပေါင်းပြီး တော့မှ လမ်းအပိုင်းလိုက်တာဝန်ယူဖောက်လုပ်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ၁၉၉၆- ၁၉၉၇ ဘဏ္ဍာရေးနှစ် မှာတော့ ဆောက်လုပ်ရေးစီမံကိန်း လမ်းအထူးအဖွဲ့(၁၀) ကနေပြီးတော့မှ လမ်းအားလုံးကိုတာဝန် ယူပြီး ဆောက်လုပ်ခဲ့ပါတယ်။

လမ်းအထူးအဖွဲ့(၁၀)က တာဝန်ယူဖောက်လုပ်တဲ့အချိန်မှာ ဟုမ္မလင်း-ပင်းမ လမ်းအပိုင်း (၆၃)မိုင်ကို ဟုမ္မလင်းမြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်သလို ပင်းမ-ခန္တီး လမ်းအပိုင်း(၈၁)မိုင်ကို ခန္တီးမြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူပြီး ဖောက်လုပ်တဲ့လမ်း ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေချထားပေးပေမယ့်လည်း ချောင်းကြီး၊ ချောင်းငယ်များ ကြောင့် ပွင့်လင်းရာသီကုန်ခါနီးမှ ခန္တီး- ဟုမ္မလင်းလမ်းအပိုင်းကို အသုံးပြုနိုင်ပါတယ်။ မိုးကျတာနဲ့ တစ်ပြိုင်တည်း လမ်းအားလုံးဟာပျက်စီးသွားပြီး ချပေးတဲ့ ရန်ပုံငွေဟာ ပြည်သူတွေအတွက် အကျိုး မရှိဘဲနဲ့ အကျိုးနည်းပါးဖြစ်နေပါတယ်။ ဟုမ္မလင်းနဲ့ ခန္တီးရဲ့ ဆက်သွယ်ထားတဲ့လမ်းဟာ အဓိက အားဖြင့် ရေကြောင်းလမ်း တစ်ခုတည်း ရှိတဲ့အတွက်ကြောင့် ချင်းတွင်းမြစ်ကြောင်း တစ်ခုတည်းကို အသုံးပြုရတဲ့အတွက်ကြောင့် ကားလမ်းအပိုင်းဟာ လိုအပ်လာတဲ့အပိုင်း ဖြစ်လာပါတယ်။

ဒါကြောင့် လမ်းပိုင်းနဲ့ပတ်သက်ပြီး ပြည်သူများရဲ့ တင်ပြချက်အရ ပွင့်လင်းရာသီ အချိန်မီ ကားလမ်းပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် မဟာဗျူဟာလမ်းတို့ ဆက်သွယ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းများကို ပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်က နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်မှူးချုပ်အောင်ကျော် (တပ်မတော်သားကိုယ်စားလှယ်)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်(ကြည်း)၁၉၇၁၇ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင် ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကို ဘယ်စနစ်နဲ့ တည်ဆောက်သည်ဖြစ်စေ၊ မည်သည့်အစိုးရအဖွဲ့အုပ်ချုပ်သည်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားကို လည်ပတ်မောင်းနှင်နေကြသူတွေဟာ နိုင်ငံ့ဝန်ထမ်းတွေပဲဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း တွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားမှုတွေဟာ နိုင်ငံအုပ်ချုပ်ရေးစွမ်းရည် မြင့်မားမှု အပေါ်မှာ အကျိုးသက်ရောက်လျက်ရှိပါတယ်။ ဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးတက်မှသာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့တာဝန်စတင်ထမ်းဆောင်စဉ်ကနေပြီးတော့ အငြိမ်းစားယူတဲ့ အထိ အများအားဖြင့် ရာထူးတာဝန်အမျိုးမျိုးနဲ့ နေရာဒေသအသီးသီးကို ပြောင်းရွှေ့တာဝန် ထမ်းဆောင်နေကြရတာပဲ ဖြစ်ပါတယ်။ ဝန်ထမ်းအများစုဟာ စတင်တာဝန်ထမ်းဆောင်စဉ်ကတော့ မိမိနေထိုင်ရာအရပ်ဒေသကနေပြီးတော့ စတင်ဝင်ရောက်ခဲ့ကြပေမယ့် လုပ်သက်အရဖြစ်စေ၊ အရည်အချင်းအရဖြစ်စေ၊ ဌာနအသီးသီးရဲ့ ဝန်ထမ်းစီမံခန့်ခွဲမှုအရ စတင်တာဝန်ထမ်းဆောင်ရာ ဒေသကနေပြီးတော့ လိုအပ်တဲ့ အခြားဒေသအသီးသီးကို ပြောင်းရွှေ့တာဝန် ထမ်းဆောင်ကြရပါတယ်။ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရာဒေသမှာ သက်ဆိုင်ရာဌာနရဲ့ ဝန်ထမ်းအိမ်ရာတွေ လုံလောက်မှု မရှိတဲ့အတွက် ပြင်ပကနေအိမ်တွေကို ငှားရမ်းနေထိုင်ရတာ၊ ရုံးဝင်းတွေအတွင်းမှာ နေထိုင်ဖို့

ယာယီအဆောက်အအုံတွေ ဆောက်လုပ်နေထိုင်ရတာတွေလည်း နေစရာနေရာရရှိအောင် ဆောင်ရွက်ကြရပါတယ်။

ယခုအခါမှာတော့ အိမ်ရာမြေ ဈေးတွေ ကြီးမြင့်လာတဲ့အတွက်ကြောင့်မို့လို့ ဝန်ထမ်းတွေရဲ့ အိမ်ငှားရမ်းခဟာ ဝန်ထမ်းလစာရဲ့ (၅၀) ရာခိုင်နှုန်းအထက်ကို ရောက်ရှိနေပါတယ်။ ဒီလိုပြင်ပက အိမ်ငှားရမ်းခ မြင့်တက်မှုတွေကြောင့် ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကို များစွာအခက်အခဲ ဖြစ်စေပါတယ်။ ရာထူးတိုး၍ဖြစ်စေ၊ အနေကြာ၍ဖြစ်စေ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှာ ဝန်ထမ်းတွေ သိရှိနားလည်ပါတယ်။ ဒါပေမဲ့ နေစရာအခက်အခဲကြောင့် အချို့ဝန်ထမ်းတွေဟာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမယ့်နေရာကို ရောက်ရှိပြီး မကြာမီမှာပဲ တာဝန်မှ နုတ်ထွက်တာ၊ အငြိမ်းစားယူတာတွေနဲ့ ဝန်ထမ်းဘဝကို အချိန်မတိုင်မီ အဆုံးသတ်သွားသူများရှိသလို အချို့ဝန်ထမ်း တွေဟာ တာဝန်ကျရာနေရာကိုတောင် မပြောင်းရွှေ့တော့ပဲ တာဝန်က နုတ်ထွက်တာ၊ အငြိမ်းစားယူတာတွေ ပြုလုပ်ခဲ့ကြပါတယ်။

အချို့ဝန်ထမ်းတွေကတော့ မိသားစုဘဝအခြေအနေကြောင့် တာဝန်ကျရာနေရာကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပေမယ့် အိမ်ငှားစရိတ် ကြီးမြင့်မှုတွေကြောင့် မိသားစုတွေရဲ့ စားဝတ်နေရေးမှာ အခက်အခဲတွေ ဖြစ်ပေါ်စေတာကို တွေ့ရှိရပါတယ်။ ဝန်ထမ်းတွေရဲ့ နေရေး အခက်အခဲတွေဟာ ဝန်ထမ်းတွေကို အဂတိလိုက်စားမှု ဖြစ်ပေါ်စေတဲ့အခြေအနေကို တွန်းပို့သကဲ့သို့ ဖြစ်နေပါတယ်။ နေရာပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရတာကြောင့် ဝန်ထမ်းများ နုတ်ထွက်တာ၊ အငြိမ်းစားယူတာ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်တာတွေဟာ နိုင်ငံအတွက်တန်ဖိုးရှိတဲ့ဝန်ထမ်းတွေ ဆုံးရှုံးရခြင်းပဲ ဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေအနေနဲ့ အရည်အချင်းမြင့်မားတဲ့ ဝန်ထမ်းတွေ၊ အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေရရှိအောင် အချိန်ယူပြီးတော့ ပြုစုပျိုးထောင်လေ့ကျင့်ပေးထားရပါတယ်။ နိုင်ငံသားတွေ မျှော်လင့်နေတဲ့ ခေတ်မီဒီမိုကရေစီနိုင်ငံ ထူထောင်ရေး၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေဖို့အတွက်၊ ဝန်ထမ်းစီမံခန့်ခွဲမှုမှာ အခက်အခဲတွေ မဖြစ်ပေါ်စေဖို့အတွက် အရည်အချင်းရှိတဲ့ ဝန်ထမ်းတွေ မဆုံးရှုံးဖို့ လိုအပ်ပါတယ်။ အရည်အချင်းရှိပြီး အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေ မဆုံးရှုံးမှသာ ဌာနအလိုက် ဝန်ထမ်းစီမံခန့်ခွဲမှုကို အထောက်အကူပြုပြီး တစ်နိုင်ငံလုံး အတိုင်းအတာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်မှုကို အထောက်အကူပြုနိုင်မှာဖြစ်သလို ဆင်းရဲမှုလျှော့ချရေးကိုလည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းကောင်းတွေ မဆုံးရှုံးစေဖို့၊ အရည်အသွေးမြင့်မားတဲ့ ဝန်ထမ်းကောင်းတွေ ဖြစ်ပေါ်လာစေဖို့အတွက် ဝန်ထမ်းတွေတာဝန် ထမ်းဆောင်ရာဒေသမှာ စိတ်အေးချမ်းသာစွာနဲ့ တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ အစီအစဉ်ရှိပါက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ် ရှားတောမြို့နယ်ရှိ ရှားတော- တာတမော့(သံလွင်)ကားလမ်းပေါ်ရှိ ရေကျော်များကို ရှောင်ကွင်းသွားလာနိုင်သော မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ် က ကယားပြည်နယ် ရှားတောမြို့နယ်ရှိ ရှားတော- တာတမော့(သံလွင်)ကားလမ်းပေါ်ရှိ ရေကျော်များကို ရှောင်ကွင်းသွားလာနိုင်သော မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဌေးရယ်၊ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် လွိုင်ကော် ခရိုင်၊ ရှားတောမြို့နယ်မှာရှိတဲ့ ရှားတော-တာတမော့ ကားလမ်းပေါ်မှာရှိတဲ့ ရေကျော် (၆)ခုကို ရှောင်ကွင်းသွားလာနိုင်တဲ့ မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်မှာရှိတဲ့ ရှားတော- တာတမော့ ကားလမ်းဟာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းကနေ တာဝန်ယူဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပြီးတော့ နယ်စပ်လုံခြုံရေးစခန်းများ အတွက် ရိက္ခာပို့ရာမှာ အဓိကကျတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ အဲဒီလမ်းဟာ ၎င်းရဲ့ လမ်းပေါ်မှာ အရင်တုန်းက ချောင်းတစ်ချောင်းတည်းကို (၈)ခါမျှ ကွေ့ကောက်ပြီးတော့ ဖြတ်သန်းရတဲ့ အခါ မိုးတွင်းအခါမှာ ရိက္ခာပို့တဲ့အခါမှာလည်း ချောင်းနက်တွေကို ဖြတ်သန်းရ ခက်ခဲလွန်းတဲ့ အတွက်ကြောင့်မိုလို့ ရှေ့တန်းစစ်အင်ဂျင်နီယာတပ်ရင်း မြေထိုးစက်ရဲ့အကူအညီနဲ့ ၂၀၀၇ ခုနှစ်၊ ပတ်ဝန်းကျင်လောက်မှာ ရေကျော်(၂)ခုကို ရှောင်ကွင်းပြီးတော့ လမ်းဖြောင့်တစ်ခု ဖောက်လုပ်နိုင်ခဲ့ ပါတယ်။ ဒါပေမဲ့ ရေကျော်(၆)ခုဟာ ကျန်ရှိနေပြီးတော့ မိုးတွင်းအခါမှာ တောင်ကျချောင်းရေ များကြောင့် ဖြတ်သန်းရန် အခက်အခဲများစွာ တွေ့ရှိရပါတယ်။ ယင်း ချောင်းဖြတ်ရေကျော်တွေကို တံတားတည်ဆောက်မယ် ဆိုပါကလည်း (၂)မိုင်ခန့်အတွင်းထဲမှာ တံတား(၆)စင်းကို တည်ဆောက်ရမှာ ဖြစ်ပြီးတော့ အဲဒီတံတားများဟာလည်းပဲ တောင်ကျရေများရဲ့ ဒဏ်ကိုခံနိုင်ဖို့အတွက် ငွေကြေးများစွာ အကုန်အကျခံတည်ဆောက်သွားရမှာဖြစ်ပါတယ်။

ဓာတ်ပုံ Slide များဖြင့် ပြသခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပထမရေကျော်ဖြစ်ပါတယ်။ ဒါကတော့ ဒုတိယရေကျော် ဖြစ်ပါတယ်။ ဒါကတော့ တတိယရေကျော် ဖြစ်ပါတယ်။ ဒါကတော့ ရေကျော်လေး လုပ်ထားပြီးသားအနေအထား ရှိပါတယ်ခင်ဗျား။ ဒါကတော့ စတုတ္ထရေကျော် ဖြစ်ပါတယ်။ ဒီဟာလေးက နည်းနည်းလေးနက်ပါတယ်ခင်ဗျား။ ဒါကတော့ ပဉ္စမရေကျော်

ဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးရေကျော် ဖြစ်ပါတယ်။ ဒီရေကျော်တစ်ချောင်းကတော့ ကျွန်တော်တို့ ရှောင်ကွင်းလို့ မရနိုင်တဲ့အနေအထားမျိုး ရှိပါတယ်။ ဒါကတော့ ကျန်ခဲ့မယ့် အနေအထားရှိပါတယ် ခင်ဗျား။ ဒီရေကျော်တွေကို နွေအခါမှာ ဖြတ်သန်းဖို့ လွယ်ကူပေမယ့်လည်းပဲ မိုးတွင်းအခါမှာ တောင်ကျချောင်းရေများကြောင့် ကားတွေ၊ ဆိုင်ကယ်တွေ၊ လှည်းတွေ မဖြတ်သန်းနိုင်တော့ဘဲနဲ့ ချောင်းရဲ့ မြောက်ဘက်မှာရှိတဲ့ တောလမ်းကနေတစ်ဆင့် လူချည်းသာ သွားလာရတဲ့ အနေအထားမျိုး ရှိပါတယ်။ အဲဒီလမ်းကြောင်းပေါ်မှာ နေ့စဉ်သွားလာအသုံးပြုနေကြတဲ့ စလောင်းရွာ၊ ပန်လည်ရွာ၊ တာတမော့ တပ်စခန်းမှာရှိနေကြတဲ့ တပ်မတော်သားများနဲ့ ပြည်သူများ အခက်အခဲများစွာ တွေ့ကြုံနေကြရပါတယ်။ ယင်းအတွက် (၂)မိုင်ခန့်ရှိတဲ့ ချောင်းရေကျော် (၆)ကွေ့ကို ရှောင်ကွင်းသွားလာနိုင်တဲ့ မြေသားလမ်း ဖောက်လုပ်ပေးမယ်ဆိုပါက (၁၂)ရာသီပတ်လုံး သွားလာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ရှားတော-တာတမော့ကားလမ်းပေါ်မှာရှိတဲ့ ရေကျော်(၆)ကွေ့ကို ရှောင်ကွင်းသွားလာနိုင်တဲ့ မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ချိုဦး မှ မေးမြန်းထားတဲ့ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်များမှာ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများနဲ့ စပ်လျဉ်းပြီးတော့ စံချိန်စံညွှန်း တိုင်းတာရေးလုပ်ငန်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိလိုသည့်မေးခွန်းအား ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စံချိန်စံညွှန်း Specification ဆိုတာတော့ အင်ဂျင်နီယာ လုပ်ငန်းများမှာ ကိုဒ့်ဥပဒေအဖြစ် စံသတ်မှတ်ထားပြီးတော့ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို အခြေခံပြီးတော့ အသုံးပြုခဲ့ရတာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့လည်းပဲ လမ်း၊ တံတား အဆောက်အအုံ၊ လေယာဉ်ကွင်း၊ စက်မှု၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ စံချိန်စံညွှန်းအသစ်များကို ပြုစုရေးဆွဲပြီး အသုံးပြုလျက် ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးအနေနဲ့လည်းပဲ မေးမြန်းခဲ့တဲ့ စံချိန်စံညွှန်းများနဲ့ပတ်သက်တဲ့ မေးခွန်းကို

၂၆-၆-၂၀၁၃ နေ့မှာ ပြုလုပ်ခဲ့တဲ့ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ အသေးစိတ် မေးမြန်းခဲ့တာ ဖြစ်ပါတယ်။

အဲဒီမေးမြန်းခဲ့တုန်းကလည်းပဲ ကျွန်တော့်အနေနဲ့အချက်ပေါင်း (၂၇)ချက် ပါဝင်တဲ့ စံချိန်စံညွှန်းနဲ့ ပတ်သက်တဲ့အချက်များကို ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့တဲ့အပြင် ဒီမေးမြန်းချက်များနဲ့ ပြန်လည်ဖြေကြားချက်များကို ကျွန်တော်တို့ ဌာနမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးကိုလည်းပဲ လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်ကြဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ ညွှန်ကြားချက်များ ထုတ်ခဲ့ပါတယ်။ ဒီမေးမြန်းချက်များကလည်း ကျွန်တော်တို့ ပြန်လည်ဆန်းစစ်တဲ့ အခါမှာ တကယ့်ကို ထဲထဲဝင်ဝင်နဲ့ နက်နက်ရှိုင်းရှိုင်း မေးမြန်းခဲ့တဲ့မေးခွန်းတွေ ဖြစ်တာကြောင့် ညွှန်ကြားချက် ထုတ်ပြန်ပြီး ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ယခုလည်းပဲ ကျွန်တော်တို့ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်များမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှာ တာဝန်ယူဆောင်ရွက်တဲ့ လမ်းမိုင် စုစုပေါင်း (၁၂၅)မိုင်နဲ့ (၃)ဖာလုံ ရှိပါတယ်။ ဒီလမ်းများကိုတော့ အဆင့်မြှင့်တင်ခြင်းနဲ့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့ နေရာမှာ စံချိန်စံညွှန်းများကို အခြေခံပြီး စိစစ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်တဲ့လုပ်ငန်းများရဲ့ စံချိန်စံညွှန်းပြည့်မီရန် လုပ်ငန်း ဆောင်ရွက်စဥ်နဲ့ ဆောင်ရွက်ပြီးကာလတို့မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်အနေနဲ့ လမ်းအရည်အသွေး ထိန်းသိမ်းကွပ်ကဲရေး Quality Control အဖွဲ့မှ စစ်ဆေးပြီးတော့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ပေးထားတဲ့ အင်ဂျင်နီယာချုပ်တွေကလည်း ကွင်းဆင်း စစ်ဆေးတဲ့အပြင် သက်ဆိုင်ရာ တိုင်း/ပြည်နယ်များ အင်ဂျင်နီယာမှူးကြီးတွေ၊ ခရိုင်အင်ဂျင်နီယာမှူးကြီး တွေကလည်း အမြဲမပြတ် စစ်ဆေးကြပ်မတ်လျက် ရှိပါတယ်။ စစ်ဆေးရာမှာ စံချိန်စံညွှန်း ပြည့်မီခြင်း မရှိပါက စံချိန်စံညွှန်းပြည့်မီသည်အထိ ပြန်လည်ဆောင်ရွက်ပေးခြင်းဖြင့်လည်း အရေးယူ ဆောင်ရွက် လျက်ရှိပါတယ်။

မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်များမှာ အခြေခံပညာကျောင်း တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ စံချိန်စံညွှန်း စိစစ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့်မှာ ကျောင်းဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီကို (၇)ဦးနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အဲဒီမှာ ပါဝင်တဲ့ပုဂ္ဂိုလ်များကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျွန်တော်တို့ ဥက္ကဋ္ဌအဖြစ် ပါဝင်မှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်များအဖြစ် မြို့နယ်စည်ပင်သာယာ အင်ဂျင်နီယာမှူး မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ မြို့နယ်မြေစာရင်း ဦးစီးမှူး၊ ကျောင်းအကျိုးတော်ဆောင် (၁)ဦး၊ ရပ်မိရပ်ဖ(၁)ဦးတို့က ကျွန်တော်တို့ အဖွဲ့ဝင်များအဖြစ် ပါဝင်ပြီးတော့ မြို့နယ်ပညာရေးမှူးက ဒီအဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်စေတာ ဖြစ်ပါတယ်။ ပြီးရင်လည်းပဲ ဒီဖွဲ့စည်းထားတဲ့ ကော်မတီကနေ စစ်ဆေးတွေ့ရှိချက်များကို ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မြို့နယ် (၃)မြို့နယ်အတွင်းမှာ ရှိတဲ့ ဆေးရုံ၊ ဆေးပေးခန်းနဲ့ ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရန် မြို့နယ်ဆောက်လုပ်ရေး ကြီးကြပ်မှု ကော်မတီကို (၅)ဦးနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကတော့ မြို့နယ်ကျန်းမာရေးဦးစီး

ဌာနမှူးက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စားလှယ်က အဖွဲ့ဝင် မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာအဖွဲ့ဝင် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့ဝင်တို့နဲ့ ဆောင်ရွက်ပြီးတော့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ပေးတဲ့ ပုဂ္ဂိုလ်က အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ ဒီအဖွဲ့အနေနဲ့လည်းပဲ လုပ်ငန်းစတင်တဲ့ အချိန်ကစပြီးတော့ (၁၀၀) ရာခိုင်နှုန်း ပြီးစီးသည်အထိ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှု ပြီးတော့ လုပ်ငန်းများပြီးစီးမှုကို (၂)ပတ် တစ်ကြိမ်အထက် အဆင့်အဖွဲ့အစည်းများကို အစီရင်ခံတင်ပြ၍ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ချစ်လွင် မှ မေးမြန်းထားတဲ့ မေးခွန်း (၃)ခုနဲ့စပ်လျဥ်းပြီး ရှင်းလင်းဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း(၁)ဖြစ်တဲ့ ပွင့်လင်းရာသီအချိန်မီ ကားလမ်းပြေးဆွဲနိုင်ရေး အတွက် ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/ မရှိနဲ့ ပတ်သက်ပြီး တင်ပြရရင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ သက်ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းဟာ (၃၃၀)မိုင် ရှည်လျားပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ မဟာဗျူဟာလမ်းအဖြစ် ၁၉၈၂ ခုနှစ်မှာ သတ်မှတ်ပြီးတော့ ၁-၃-၁၉၈၇ နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ စတင်ဖောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု ရန်ပုံငွေနဲ့ လမ်းတံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှာ ၃၁-၃-၂၀၁၄ အထိ လမ်းအခြေအနေနဲ့ကတော့ ကတ္တရာလမ်း (၅)မိုင် (၁)ဖာလုံ၊ အမာခံလမ်း (၂၂၆)မိုင်၊ (၃)ဖာလုံ၊ မြေလမ်း (၉၈)မိုင်၊ (၄)ဖာလုံ စုစုပေါင်း မိုင် (၃၃၀) ဖြစ်ပါတယ်။

တံတားများအနေနဲ့ကတော့ ပေ (၁၈၀)အောက်တံတား (၄၇၅)စင်းအနက် အမြဲတမ်းတံတား (၁၂၁)စင်း၊ ယာယီသစ်သားဘေလီ တံတား(၃၅၄)စင်း တည်ဆောက်ခဲ့ပါတယ်။ ပေ(၁၈၀)နဲ့အထက် တံတား (၁၅)စင်းအနက် အမြဲတမ်း တံတား (၁)စင်း၊ ယာယီသစ်သားတံတား(၁၄)စင်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလမ်းကို နှစ်စဥ်ပွင့်လင်းရာသီမှာ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အချိန်မီ ဒီဇင်ဘာ လကုန်မှာ ကားများသွားလာနိုင်အောင် သဲချောင်းရေယာဥ်နဲ့ ချောင်းကြီး၊ ချောင်းငယ်များမှာ ရေနိမ့် တံတားများ တည်ဆောက်ခြင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီမှ စပြီးတော့ ခန္တီး-ဟုမ္မလင်း ခရီးစဥ်ကို ဂျစ်ကားများ စတင်ပြေးဆွဲလျက် ရှိပါတယ်။ မိုးရာသီအစ မေလ ဒုတိယပတ်မှာ ရေနိမ့်သစ်သားတံတား များကို နှစ်စဥ် စနစ်တကျ ဖြုတ်သိမ်းပြီးတော့ နောင်နှစ် ပွင့်လင်းရာသီအစမှာ ကားများ သွားလာနိုင်အောင် ပြန်လည်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မေးခွန်း(၂)ဖြစ်တဲ့ ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများနဲ့ မဟာဗျူဟာလမ်းသို့ ဆက်သွယ်ပေးရန် အစီအစဥ် ရှိ၊ မရှိကို တင်ပြရရင် ချင်းတွင်း မြစ်ကမ်းဘေးမှာ ရှိတဲ့ကျေးရွာများနဲ့ မဟာဗျူဟာလမ်းသို့ ဆက်သွယ်တဲ့လမ်းများ ဖောက်လုပ်ခြင်းတို့ကို ဒေသဖွံ့ဖြိုးရေးအတွက် စစ်ကိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၃)ဖြစ်တဲ့ ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် အကောင်အထည် ဖော် ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ၊ မရှိကို တင်ပြရရင် ဟုမ္မလင်း- ခန္တီးလမ်းအပိုင်း မိုင် (၁၈၆)မှ

(၃၃၀)အထိ (၁၄၄)မိုင် ရှိပြီးတော့ ၃၁-၃-၂၀၁၄ နေ့အထိ လမ်းအခြေအနေကတော့ အမာခံလမ်း (၄၅)မိုင်၊ (၄)ဖာလုံ၊ မြေလမ်း (၉၈)မိုင် (၄)ဖာလုံ၊ စုစုပေါင်း (၁၄၄)မိုင် ဖြစ်ပါတယ်။ အဲဒီလမ်းမှာ ပေ (၁၈၀)အောက် တံတား အုတ်စီကမ်းကပ်ခုံနဲ့ သံကူကွန်ကရစ် ကြမ်းခင်းတံတား (၁၈)စင်း အုတ်ခုံနဲ့ ဘေလီတံတား (၃)စင်း၊ ရေနိမ့်တံတား (၇)စင်း အပါအဝင် ယာယီသစ်သားတံတား (၁၂၀)စင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ပေ (၁၀၉၀) ရှည်လျားတဲ့ သံကူကွန်ကရစ်တံတား၊ ဘေလီသံမဏိကြိုးသိုင်းတံတားနဲ့ ပေ (၂၀၀) အရှည် အုတ်ခုံဘေလီတံတား (၁)စင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါအပိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီး ရန်ပုံငွေ ကျပ် (၂၈၈၁)သန်းနဲ့ (၃၄)ပေအကျယ် မြေသားတာဘောင်တင်ခြင်း (၅)မိုင် (၃၄)ပေ အကျယ် လမ်းချဲ့ခြင်းနဲ့ လျှောစောက်ဖြတ်ညှိခြင်း (၄၂)မိုင်၊ ကျောက်စရစ်ရော မြေခင်းခြင်း(၂၂)မိုင် (၇)ဖာလုံ အုတ်စီကမ်းကပ်ခုံနဲ့ သံကူကွန်ကရစ်ကြမ်းခင်းတံတား (၃၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုမ္မလင်း-ခန္တီးလမ်းအပိုင်းကို ရာသီမရွေး သွားလာနိုင်တဲ့ လမ်းအဆင့် ရောက်ရှိရေးအတွက် လမ်းအဆင့် မြှင့်တင်ခြင်း လိုအပ်သလို ယာယီရေနိမ့်တံတား (၇)စင်းနဲ့ သစ်သားတံတားများအား အမြဲတမ်းတံတားဖြစ်အောင် တည်ဆောက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဟုမ္မလင်း-ခန္တီးအပိုင်းမှာ လိုအပ်တဲ့ လမ်းတံတားလုပ်ငန်းများကို ခွင့်ပြုရရှိတဲ့ ရန်ပုံငွေအပေါ်မှာ မူတည်ပြီး အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် မှ မေးမြန်းထားတဲ့ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထုနေရေး အဆင်ပြေစေရန်အတွက် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ မြို့ကြီး (၂၈)မြို့မှာ အိမ်ရာ စခန်းပေါင်း (၄၈)ခု တည်ဆောက်ပြီးတော့ ၂၀၁၀ -၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ပြည်သူ့အိမ်ရာ၊ ဝန်ထမ်းအိမ်ရာ စသည့် နိုင်ငံပိုင် အငှားချ အိမ်ခန်း ယူနစ်ပေါင်း (၁၅၁၈၀)ယူနစ် ဖြည့်ဆည်းပေးထားခဲ့ရာ ဝန်ထမ်းအိမ်ရာ အိမ်ခန်းယူနစ် စုစုပေါင်းမှာ (၃၄၀၇)ယူနစ် ဖြစ်ပါတယ်။ ဒီမှာ Power Point နဲ့ ကျွန်တော် တင်ပြထားတာ ဒါကိုတင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ ၂၀၁၀-၂၀၁၁ အထိ ကျွန်တော်တို့ ဆောင်ရွက်ပြီးတဲ့ယူနစ် (၃၄၀၇) ဖြစ်ပါတယ်။ အလုံးရေအနေနဲ့ (၉၁၇) ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ တိုင်းတစ်ခုချင်းအလိုက် တင်ပြရင် အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော် စုစုပေါင်းကိုပဲ အခုလို Power Point ဖြင့် တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ တိုင်းဒေသကြီး ပြည်နယ်အစိုးရများ ဖွဲ့စည်းတာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစပြီးတော့ နိုင်ငံ့ဝန်ထမ်းများရဲ့နေရေး လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေများနဲ့ ဒေသအသီးသီးမှာ ဝန်ထမ်းအိမ်ရာအသစ်

များ ထပ်မံဆောက်လုပ်ပေးခဲ့ပါတယ်။ ဌာနဆိုင်ရာအချို့မှလည်း မိမိတို့ဌာနအစီအစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရထံရန်ပုံငွေ တောင်းခံပြီး ဌာနပိုင်ဝန်ထမ်းအိမ်ရာများလည်း ဆောက်လုပ်ခဲ့ကြသလို မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း တိုင်းဒေသကြီးပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း ဝန်ထမ်းအိမ်ရာများအဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်ခဲ့ရာ ၂၀၁၂-၂၀၁၃ နှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ (၃)နှစ်တာကာလအတွင်း ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲဝန်ထမ်းအိမ်ရာ စုစုပေါင်း(၁၉၆)လုံး ယူနစ်ပေါင်း (၂၅၄၀) ထပ်မံတိုးချဲ့ တည်ဆောက်ပေးခဲ့ပါတယ်။ ဒါတွေကတော့ ဒီဟာကို ဒုတိယအပိုဒ်မှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ထိ တည်ဆောက်ပြီးတဲ့ အလုံးရေ (၁၉၆)နဲ့ ယူနစ်ပေါင်း (၂၅၄၀)ကို တင်ပြတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တိုင်းဒေသကြီး ပြည်နယ်အဆင့် မြို့ကြီးများမှာသာ ယခင်တုန်းက ဝန်ထမ်းအိမ်ရာများ ရှိခဲ့သော်လည်းပဲ ယခုအခါမှာတော့ ခရိုင်မြို့နယ်အဆင့်ထိ ဖြည့်စွက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဝန်ထမ်းအိမ်ရာစုစုပေါင်း ဒီမှာကျွန်တော် တင်ပြထားတဲ့အတိုင်း (၁၁၁၃)လုံး ကျွန်တော်တို့ ထပ်မံတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အခန်းရေယူနစ်ပေါင်းအားဖြင့် (၅၉၄၇)ခုကို တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အိမ်ရာမြေဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြင်ပပုဂ္ဂလိက အိမ် ငှားရမ်းခဈေးနှုန်းများဟာ ကြီးမြင့်လာပါတယ်။ ကြီးမြင့်လာတဲ့နှုန်းထားကို ပြန်ကြည့်ရင် ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ဝန်ထမ်းလစာရဲ့ (၅၀)ရာခိုင်နှုန်းအထက်ကိုပင် ရောက်ရှိနေတာ ဖြစ်ပါတယ်။

ဒါကြောင့် အရာထမ်းများရဲ့ မူရင်းလစာရဲ့ (၅)ရာခိုင်နှုန်းနဲ့ အမှုထမ်းများရဲ့ မူရင်းလစာရဲ့ (၃)ရာခိုင်နှုန်းကို အိမ်ငှားရမ်းခအဖြစ် အနိမ့်ဆုံး (၁၇၀၀)ကျပ်မှ အမြင့်ဆုံး (၉၀၀၀)ကျပ်အထိသာ သတ်မှတ်ကောက်ခံလျက်ရှိပြီးတော့ မြို့ရွာနဲ့ အိုးအိမ်ဦးစီးဌာနမှ ဝန်ထမ်းစခန်းများကို နေထိုင်ခွင့် ရရှိတဲ့ ဝန်ထမ်းများအနေနဲ့ စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

ယခုအချိန်မှာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ အစိုးရဌာနများ ပြန်လည်ဖွဲ့စည်းခြင်းနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းများကြောင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်များ ရှိနေသေးတဲ့ အားလျော်စွာ ဒေသအသီးသီးမှာရှိတဲ့ အစိုးရဌာနများ အားလုံးမှာ ဒေသခံဝန်ထမ်းဦးရေ၊ ပြောင်းရွှေ့ဝန်ထမ်းဦးရေစာရင်းများ ကောက်ယူဆန်းစစ်ပြီးတော့ လိုအပ်တဲ့ဝန်ထမ်းအိမ်ရာ အရေအတွက်များပြုစုကာ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ သက်ဆိုင်ရာဒေသရဲ့ နှစ်တိုနှစ်ရှည် စီမံကိန်းများမှာနှစ်စဉ် ထပ်မံတိုးချဲ့ဆောက်လုပ်ပေးရန်လည်း စီစဉ်လျက် ရှိပါကြောင်းဖြင့် အထူးသဖြင့် ဝေးလံခေါင်ပါးတဲ့ဒေသများကို ဦးစားပေးစနစ်နဲ့ ဆောင်ရွက်ပေးရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အကြံပြုတင်ပြထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဒွေးရယ် မှ မေးမြန်းထားတဲ့ ရှားတော-တာတမော့ ကားလမ်းပေါ်မှာရှိတဲ့ ရေကျော် (၆)ခုကို ရှောင်ကွင်းသွားလာနိုင်တဲ့ မြေလမ်း ဖောက်ပေးဖို့ အစီအစဉ်ရှိ၊ မရှိ သိလိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ် လွိုင်ကော်ခရိုင်အတွင်းမှာရှိတဲ့ ရှားတော-တာတမော့ (သံလွင်) လမ်းအပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ လွိုင်ကော်-ပွန်ချောင်း-ရှားတော-တာတမော့လမ်းမှာ ပါဝင်တာ ဖြစ်ပါတယ်။ အဲဒီလမ်းပိုင်းဟာ (၉)မိုင် ရှည်လျားပြီးတော့ ကယားပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၄ နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၁)ဖာလုံ၊ ကျောက်လမ်း (၁)မိုင် (၂)ဖာလုံ၊ အမာခံလမ်း (၃)ဖာလုံနဲ့ မြေလမ်း (၇)မိုင် (၂)ဖာလုံ ရှိတာ ဖြစ်ပါတယ်။ ရှားတော- တာတမော့ (သံလွင်)လမ်းအပိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေ (၈.၁)သန်းနဲ့ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁)ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း (၉)မိုင်အတွင်း ရေကျော် (၆)ခုကို ရှောင်ကွင်းသွားလာနိုင်ဖို့အတွက် မြေသားလမ်းကို ဒေသအခြေအနေအရ အခါအခွင့်ပေးတဲ့အခါမှာ ဖောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့လည်းပဲ ဒါသွားရောက်ပြီးတော့ မြေတိုင်းတာရေးအဖွဲ့များကို စေလွှတ်ပြီးတော့ (၆)နေရာကို ရှောင်ကွင်းသွားဖို့ လမ်းကြောင်းများ ရှာဖွေဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် မေးတဲ့မေးခွန်းနဲ့ပတ်သက်လို့ နေရာဒေသတိုင်းမှာ ရပ်ဝေးကနေပြီးတော့ လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းတွေအတွက်က အထူးလိုအပ်ပါတယ်။ ဝန်ထမ်းအိမ်ရာ ရရှိတယ်ဆိုရင် မိသားစုအတွက် သက်သာချောင်ချိပြီးတော့ လစာစရိတ် တိုးပေးတာထက်ကို အများကြီး ထိရောက်တဲ့အနေအထားလည်း ရှိပါတယ်။ အဲဒီတော့ ဌာနတွေအနေနဲ့ ပြောင်းတာ၊ ရွှေ့တဲ့ကိစ္စတွေလည်း ဒါတွေကို အားလုံးပေါင်းရောသုံးသပ်ပြီးမှ ဆောင်ရွက်မှ အဆင်ပြေမယ့် သဘောရှိပါတယ်။ တစ်နိုင်ငံလုံးဝန်ထမ်းဦးရေ၊ အိမ်ခန်းရှိတဲ့ဦးရေက တစ်နိုင်ငံလုံးဝန်ထမ်း ငါးသိန်း ရှိတယ်ဆိုလို့ရှိရင် ရပ်ဝေးဒေသက လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းအတွက် နှစ်သောင်းခွဲလောက်တော့ ရှိဖို့ ကောင်းပါတယ်။ ဒါကို ဝန်ကြီးဖြေတာလည်း ကောင်းပါတယ်။ နှစ်အလိုက် ဆောင်ရွက်သွားမယ်ဆိုတဲ့ ကိစ္စပါ။ ဒါလေးကို အာရုံစိုက်ပြီးတော့ ဒီထက်ကို တိုးတက်မှုနှုန်းများအောင် အမြန်ဆုံး ဆောင်ရွက်ပေးမယ်ဆိုရင် လစာတိုးပေးတာထက်ကို အများကြီး ထိရောက်တယ်။ တချို့ဝန်ထမ်းကျတော့လည်း မိမိရဲ့သားသမီးပါ ဒီဌာနမှာ ဆောင်ရွက်တဲ့အတွက် သားစဉ်မြေးဆက်ပါ နေနိုင်တဲ့အနေအထားလေးတွေ ရှိတဲ့အတွက် သူတို့အတွက် အများကြီး အဆင်ပြေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဗိုလ်မှူးချုပ်အောင်ကျော် ရဲ့ မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့ အဖြေကို နည်းဥပဒေ ၁၂၂ အရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့မေးခွန်းများသည် သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာ၊ သောက်သုံးရေရရှိအောင် နိုင်ငံတော်အနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။

ကယားပြည်နယ် မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာ၊ ဖားဆောင်း-မယ်စဲ့ မြို့နယ်ချင်းဆက် ပြည်ထောင်စုလမ်းမအနီးမှာ တည်ရှိပြီးတော့မှ အိမ်ခြေ (၈၀)ဝန်းကျင်နဲ့ အ.မ.က ကျောင်း ကျေးလက်ဆေးပေးခန်း တည်ရှိပါတယ်။ ဒီရွာတွေကို ၂၀၀၀ ပြည့်နှစ်မှာ စတင်တည်ခဲ့ပါတယ်။ ကျေးရွာ ရေရရှိဖို့အတွက် ယခင်က နယ်စပ်ဒေသဖွံ့ဖြိုးရေးမှ ရေပိုက်လိုင်းနဲ့ စိမ့်စမ်းရေ သွယ်တန်းပေးခဲ့ပါတယ်။ ယခုအခါမှာတော့ စိမ့်စမ်းရေသွယ်ယူတဲ့နေရာမှာ ရေခမ်းခြောက်ခဲ့တာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီရေထွက်နေရာဟာ ရာသီဥတုပြောင်းလဲလာမှုနဲ့ သစ်တောများပြုန်းတီးလာမှုကြောင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာတယ်ဆိုတဲ့ဟာ ကျွန်တော့်အနေနဲ့ ကိုယ်တိုင် လေ့လာ ခန့်မှန်းရပါတယ်။ ဒါကြောင့် ကျောက်စုကျေးရွာ ရေရရှိဖို့အတွက် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေနဲ့ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း စမ်းသပ်တူးဖော်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အောင်မြင်မှု မရရှိခဲ့ပါဘူး။

ကျေးရွာပြည်သူများဟာ သောက်သုံးရေ ရှားပါးနေမှုကြောင့် ရွာရဲ့မြောက်ဘက် (၂)မိုင်ခန့် အကွာအထိ ခြေလျင်သွားရောက် ခပ်ယူသုံးစွဲနေရတာကြောင့် ခက်ခဲနေရပါတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ လွှတ်တော်ရန်ပုံငွေနဲ့ သူတို့သွားရောက်ခပ်ယူသုံးစွဲနေတဲ့ မြောက်ဘက် အနိမ့်ပိုင်းနေရာ (၂)မိုင်ခန့် အကွာ ကနေပြီးတော့မှ စက်ရေတင်စနစ်နဲ့ ဆောင်ရွက်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ လုပ်ငန်းပမာဏ ကြီးမားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျောက်စုကျေးရွာ သောက်သုံးရေ ရရှိဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ချင်းပြည်နယ်အတွင်း လမ်းမကြီးများ ဖောက်လုပ်ရာ၌ အိမ်၊ ခြံ၊ လယ်ယာ၊ တောင်ယာနှင့် သချိုင်း စသည်များ ပျက်စီးဆုံးရှုံးမှုအပေါ် သက်ဆိုင်ရာက နစ်နာကြေးပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ချင်းပြည်နယ်အတွင်း လမ်းမကြီးများ ဖောက်လုပ်ရာ၌ အိမ်၊ ခြံ၊ လယ်ယာ၊

တောင်ယာနှင့် သချိုင်း စသည်များ ပျက်စီးဆုံးရှုံးမှုအပေါ် သက်ဆိုင်ရာက နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။အားလုံး မင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် လမ်းမကြီးများ ဖောက်လုပ်ရာ၌ ပြဿနာရှိတဲ့ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအစိုးရလက်ထက်(၄)နှစ်ကာလအတွင်းမှာ ချင်းပြည်နယ်ရဲ့လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးတာဟာ အလွန်အားရစရာ ကောင်းပါတယ်။ မူလက(၂၅) ရာခိုင်နှုန်းလောက် အခြေအနေကနေ အခုဆိုရင် ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ တိုးတက်မှုနှုန်းဟာ (၇၅)၊ (၈၀) ရာခိုင်နှုန်းအထိ ရှိတယ်လို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ဥပမာ ကျေးလက်ချင်းဆက် လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ခရိုင်၊ တိုင်းချင်းဆက်လမ်းများဟာ တော်တော်လေး အောင်မြင်တာကို တွေ့ရတဲ့အတွက် ပြည်သူကိုယ်စား အထူးဝမ်းသာပါကြောင်း ဖော်ပြလိုပါတယ်။

ဥပမာ အရင်ခေတ်က လုံးဝမဖောက်လုပ်နိုင်တဲ့ မတူပီ-ပလက်ဝလမ်းဟာလည်း လာမယ့်နှစ်ဆိုရင် ပြည်နယ်အစိုးရဦးဆောင်ပြီး ပြီးမြောက်အောင် ဖောက်လုပ်တော့မယ်ဆိုတာလည်း ကျွန်တော်တို့ သိရတဲ့အတွက် ဝမ်းသာစရာကောင်းပါတယ်။ သို့သော်လည်းပဲ ယခုမေးမြန်းမယ့်ကိစ္စဟာ လမ်းမကြီးများ ဖောက်လုပ်တဲ့အခါမှာ ဒီနိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ ပြည်သူများအကျိုးငှာ ရည်ရွယ်ပြီး နိုင်ငံတော်ဘတ်ဂျက် အမြောက်အများ ချပေးထားပါတယ်။ သို့သော်လည်းပဲ ဆောက်လုပ်တဲ့ကုမ္ပဏီများရဲ့ အားနည်းချက်ကြောင့် နောက်ကုမ္ပဏီများနှင့်သာမကဘဲ ကုမ္ပဏီနဲ့ သက်ဆိုင်ရာဝန်ထမ်းများ ကြီးကြပ်မှုအဖွဲ့များ အားနည်းချက်ကြောင့် ဒီလမ်းများကိုပြည့်မီအောင်၊ စံချိန်စံညွှန်း ပြည့်မီအောင် မတည်ဆောက်နိုင်တဲ့အတွက် ပြည်သူများနစ်နာကြောင်းနဲ့ နိုင်ငံတော်ရဲ့အစိုးရဘတ်ဂျက်၊ ဘဏ္ဍာငွေကိုလည်း အလဟဿဖြစ်တဲ့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာ ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ အောက်ပါမေးခွန်းများကို ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်မှာ ယခုအခါနိုင်ငံတော်အစိုးရက အနည်းဆုံး(၂၄)ပေကနေ ပေ(၃၀)အထိ လမ်းချဲ့ပေးဖို့ရှိပါတယ်။ ဒီတော့ ဒီလမ်းဖောက်လုပ်တဲ့အခါမှာ တချို့နေရာမှာ ရွာတွေကနေဖျက်တယ်။ တချို့နေရာမှာ လယ်ယာဖျက်တယ်။ တချို့နေရာတွေမှာတောင်ယာတွေဖျက်တဲ့အတွက် အဲဒီနစ်နာကြေးတွေကလည်း သက်ဆိုင်ရာဒေသခံတွေက ဆုံးရှုံးနစ်နာကြေးကို ရယူလိုကြပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ဥပမာ ကျွန်တော်တို့တင်ပြသလို ချင်းပြည်နယ် ကိစ္စတစ်ခုသာမဟုတ်ဘဲနဲ့ အဲဒီဌာနဆိုင်ရာနဲ့ ပြဿနာတက်တဲ့ကိစ္စမှာ ယခင်က ပဲခူးတိုင်း၊ ပေါင်းတည်-နတ်တလင်းကိစ္စ တိုင်တန်းရေးကော်မတီက တင်သွင်းခဲ့သလို ရွှေတောင်-ကျီးတဲလမ်း၊ ရွှေတောင်မြို့၊ ပေါင်းတည် သဖန်းပင်လမ်း စသည့် ကချင်ပြည်နယ်မှာလည်း ဒီလိုကုမ္ပဏီများရဲ့ အားနည်းချက်တွေကို တွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းကို ကျွန်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

(က) လမ်းမကြီးများဖောက်လုပ်ရာတွင် ဆုံးရှုံးနစ်နာသူများကို သက်ဆိုင်ရာဌာနများက သင့်လျော်သောလျော်ကြေးပေးရန် အစီအစဉ်ရှိ၊ မရှိ။ (ခ) ကုမ္ပဏီများက ဖောက်လုပ်ရာတွင် စာချုပ်အတိုင်း လမ်းအကျယ် ပြည့်မီခြင်း မရှိသည့်အချို့နေရာများကို မည်ကဲ့သို့ဆက်လက် ဆောင်ရွက်မည်နည်း။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနှင်းဝေ မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာဟာ အိမ်ခြေ(၅၄)အိမ်၊ လူဦးရေ (၂၃၀)ဦး နေထိုင်လျက်ရှိပြီးတော့ အမကကျောင်း(၁)ကျောင်း၊ ကျေးလက်ဆေးပေးခန်း (၁)ခု ရှိပါတယ်။ ကျောက်စုကျေးရွာရဲ့ တစ်နေ့တာရေလိုအပ်ချက်မှာ (၄၆၀၀)ဂါလံဖြစ်ပြီး လက်ရှိရေသုံးစွဲမှု အခြေအနေမှာ ယခင် AFT အဖွဲ့က ဆောင်ရွက်ပေးခဲ့တဲ့ စိမ့်စမ်းရေသွယ်စနစ်နဲ့ အသုံးပြုလျက်ရှိပါတယ်။ ယခင်က ရွာအနောက်ဘက် (၁)မိုင်ခန့် ကွာဝေးတဲ့ စိမ့်စမ်းရေထွက်ကနေပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဂါလံ (၅၀၀၀)ဆံ့ အုတ်ကန်(၁)ကန် တည်ဆောက်ပြီးတော့ ရွာအတွင်းမှာရှိတဲ့ ဂါလံ(၅၀၀)ဆံ့ အုတ်ကန်ငယ်များ သွယ်တန်းကာ အသုံးပြုခဲ့ပါတယ်။ သို့ရာတွင် ရာသီဥတု ပြောင်းလဲမှုနှင့် သစ်တောပြုန်းတီးမှုကြောင့် ရေခမ်းခြောက်လျက်ရှိပြီး သောက်သုံးရေ လုံလောက်မှု မရှိတော့တဲ့အတွက်ကြောင့် ကျေးရွာ၏မြောက်ဘက်(၃)မိုင်အကွာမှာရှိတဲ့ ပါမခီရေထွက်မှ သွားရောက် ခပ်ယူသုံးစွဲလျက်ရှိပါတယ်။ မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာမှာ ရေလုံလောက်စွာ သုံးစွဲမှုရရှိရေးအတွက် ရေပိုမို ရရှိနိုင်မည့် အခြေအနေကို ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ ရွာ၏မြောက်ဘက်အနိမ့်ပိုင်း (၃)မိုင်အကွာရှိ ပါမခီရေထွက်အနီးမှာ ရေစက်ရုံတည်ဆောက်၍ (၂)လက်မ ရေပိုက်လိုင်းဖြင့် သွယ်ယူပြီးတော့ ကျေးရွာအတွင်း ဂါလံ(၅၀၀၀)ဆံ့ ရေသိုလှောင်ကန်သို့တင်ပို့ကာ ရေဖြန့်ဝေပေးခြင်းဖြင့် ရေလုံလောက်မှု ရရှိနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ ရေရရှိရေး ရေတင်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ စုစုပေါင်း (၃၇.၇)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောက်စုကျေးရွာ ရေရရှိရေးအတွက် ဖော်ပြပါ ခန့်မှန်းကုန်ကျငွေ (၃၇.၇)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည် ဖြစ်ပြီးတော့ ရန်ပုံငွေရရှိပါက ရေရရှိရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း

ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးကျွန်တော်ကပဲ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ လမ်းမကြီးများဖောက်လုပ်ရာမှာ အိမ်၊ ခြံ၊ လယ်ယာ၊ တောင်ယာနှင့် သချိုင်းစတဲ့ ပြည်သူများ ပျက်စီးဆုံးရှုံးရမှုအပေါ် သက်ဆိုင်ရာက နစ်နာကြေးပေးလျော်ရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်နှင့် ကျေးရွာများတွင် လမ်းမကြီးများဖောက်လုပ်ရာမှာ လမ်းဘေးဝဲ၊ ယာမှာရှိတဲ့ စိုက်ပျိုးရေးခြံများ၊ ဥယျာဉ်ခြံများ၊ နေအိမ်များ ပျက်စီးနိုင်မှု ရှိ၊ မရှိ ကွင်းဆင်းလေ့လာပြီး ပျက်စီးနိုင်ခြေရှိတဲ့ ဥယျာဉ်ခြံနှင့် နေအိမ်များကို ကြိုတင်ပြောင်းရွှေ့ပေးရေး နေအိမ်ပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ မရွှေ့မပြောင်းနိုင်တဲ့ သီးပင်၊ စားပင်များ ထိခိုက်မှုရှိပါက လယ်ယာမြေနည်းဥပဒေ အခန်း(၈)၊ နည်းဥပဒေ ၆၆ မှ ၆၈ တို့မှာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဟာ နိုင်ငံတော်အကျိုးငှာ သိမ်းယူသည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူများအား နိုင်ငံတော်က ပေးလျော်ရမည့် နစ်နာကြေးနှင့်ပေးလျော်ရမည့် ငွေကြေးပမာဏကို တွက်ချက်မှုပုံစံ (၁၂)မှာ ပြဋ္ဌာန်းပါရှိသည့်အတိုင်း တွက်ချက်ပေးလျော်ပါတယ်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအလို့ငှာ လမ်းမကြီးများ ဖောက်လုပ်မှုကြောင့် အိမ်၊ ခြံ၊ မြေစတဲ့ နစ်နာဆုံးရှုံးမှုများကို မြို့နယ်အတွင်းမှာရှိတဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ ပေါင်းစပ်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနဲ့ ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် သက်ဆိုင်ရာဌာနများက လျော်ကြေး ပေးဆောင်သည့် အခကြေးငွေများကို သက်ဆိုင်ရာကျေးရွာများမှ ကျေနပ်မှုမရှိဘဲ တိုင်ကြားမှုများ ရှိလာပါက သက်ဆိုင်ရာမြို့နယ်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများအား စစ်ဆေးစေပြီးတော့ မှန်ကန်မှုရှိပါက ပြည်သူများမနစ်နာစေရေးအတွက်ကို ချင်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများကို လမ်းညွှန်ပြီးတော့ စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။ ကုမ္ပဏီများမှ လမ်းဖောက်လုပ်ရာတွင် လမ်းအကျယ်ပြည့်မီခြင်းမရှိသည်မှာ အချို့သောနေရာများမှာ ဘာသာရေးအဆောက်အအုံများ ကင်းလွတ်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ကျောက်တောင်များ ရှိနေခြင်းကြောင့်လည်းကောင်း၊ လမ်းတာချဲ့ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိပါက သတ်မှတ်မြေကျင်း ပမာဏ ပြည့်မီအောင် လမ်းအရှည်ကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၁၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသား လွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှပုဂ္ဂိုလ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဦးလွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန် ပေးအပ်ချက်အရ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး<br>ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၄ -၃၀၃
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က (၂၁-၁-၂၀၁၄)ရက်နေ့တွင် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေး နိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက (၂၀-၂-၂၀၁၄)၊ (၂၅-၂-၂၀၁၄)၊ (၅-၃-၂၀၁၄)ရက်နေ့များတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်

များနှင့် လည်းကောင်း၊ (၁၃-၃-၂၀၁၄)၊ (၅-၆-၂၀၁၄ )၊ (၁၉-၆-၂၀၁၄ )၊ (၇-၇-၂၀၁၄ )၊ (၁၄-၇-၂၀၁၄) ရက်နေ့များတွင် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

## လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် (၉၀) ရာခိုင်နှုန်းကျော်အချိုးအစားပါဝင်သည့် အဓိကစီးပွားရေးအင်အားစု ဖြစ်ပါသည်။ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်ပေးခြင်း ဖြစ်သည်ဟု ဆိုရပါမည်။ နိုင်ငံတော်၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် လုပ်သားထု၏ ပါဝင်မှုအချိုးအစားသည်လည်း အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၌ အမြင့်မားဆုံးတည်ရှိနေပါသည်။ အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၌လည်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကို အထူး အလေးထား၍ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိကြပါသည်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအပေါ် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလဖြစ်သော (၂၀-၂-၂၀၁၄) ရက်နေ့မှ စတင်၍ ဒသမပုံမှန်အစည်းအဝေးကာလဖြစ်သော (၁၄-၇-၂၀၁၄)ရက်နေ့အထိ အစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ပြီး မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ဆုံး၊ လက်တွေ့ကျင့်သုံး ဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့မှုအရှိဆုံးနှင့် နိုင်ငံတကာအဆင့်အတန်းရှိသော ဥပဒေတစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရေးအတွက် ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။

(ခ) မူလအဆိုပြု ဥပဒေကြမ်းတွင် အခန်း(၁၄)ခန်း ပါရှိပြီး အခန်း(၇)ခန်းမှအပ ကျန်အခန်း (၇)ခန်းကို ပေါင်းစပ်စုစည်းရန် လိုအပ်သည့် အခန်းများကို ပေါင်းစပ်စုစည်းခြင်း၊ အခန်းအသစ်များအဖြစ် သတင်းအချက်အလက် စုဆောင်း ထိန်းသိမ်းခြင်းနှင့်ထုတ်ပြန်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအထောက်အပံ့ ပေးခြင်း၊ ဈေးကွက်ရှာဖွေ ချိတ်ဆက်ပေးခြင်း၊ အခွန်အကောက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စွန့်ဦးတီထွင်မှုနှင့် လုပ်ငန်းသစ် စတင်မှုကို ပံ့ပိုးဆောင်ရွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ အခန်း(၈)ခန်းကို အသစ်ဖြည့်စွက်ခဲ့ပြီး စုစုပေါင်းအခန်း(၁၅)ခန်းပါဝင်သည့် ဥပဒေကြမ်း အသစ်တစ်ခုအဖြစ် ပြုပြင်ရေးဆွဲရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဂ) ဤဥပဒေကြမ်း၏ ရည်ရွယ်ချက်များဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် စီးပွားရေးနှင့် ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာ အထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်၊ ယှဉ်ပြိုင်နိုင်စွမ်းရည်မြင့်မား တိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန် အစရှိသည့် ရည်ရွယ်ချက် များ ပေါက်မြောက်အောင်မြင်နိုင်စေရန်အတွက် ဥပဒေကြမ်း၏အဓိပ္ပာယ်ဖွင့်ဆိုချက် များမှသည် အထွေထွေ ပြဋ္ဌာန်းချက်များအထိ လိုအပ်သလို ပြင်ဆင်ဖြည့်စွက် ခြင်းများ၊ အစားထိုးခြင်းများ၊ ပယ်ဖျက်ခြင်းများနှင့် အသစ်ဖြည့်စွက်ခြင်းများကို စနစ်တကျကြိုးပမ်း ဆောင်ရွက်ထားပါသည်။

(ဃ) ဥပဒေကို လက်တွေ့ကျင့်သုံးဆောင်ရွက်ရာတွင် ထိရောက် လွယ်ကူလျှင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ နိုင်ငံတကာတွင်ကျင့်သုံး ဆောင်ရွက် လျက်ရှိသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အခြားဥပဒေများနှင့် နှိုင်းယှဉ်လေ့လာပြီး မြန်မာနိုင်ငံနှင့် လိုက်လျော ညီထွေမှုရှိသည့် ပြဋ္ဌာန်းချက်များဖြစ်စေရန်လည်းကောင်း၊ ဥပဒေရေးထုံး ညီညွတ် မှန်ကန်မှုရှိစေရန်လည်းကောင်း ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။

(င) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဦးဆောင်အကြံပြုဆွေးနွေးခဲ့သော အချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကလည်း လက်ခံသဘော တူညီ ခဲ့သည့်အတွက် မူလအဆိုပြုဥပဒေကြမ်းကို ယခုကဲ့သို့ ပြင်ဆင်ရေးသား နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ညှိနှိုင်းပြင်ဆင် ရေးဆွဲထား သည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းပြင်ဆင်ရေးသားထားသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အသေးစားနဲ့

အလတ်စား စီးပွားရေးလုပ်ငန်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန်နှင့် စပ်လျဉ်းသည့်အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးခက်ထိန်နန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ဂါရဝ ရှေ့ထားပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ အလုပဆုံးပန်းခင်းများမှာ ဘိန်းပန်းခင်း ပါဝင်ပါတယ်။ ကမ္ဘာပေါ်မှာ အရသာအရှိဆုံး၌လည်း ဘေးဥပါဒ်သာမရှိခဲ့ဘူးဆိုရင် ဘိန်းအမျိုးအစား ပါဝင်ပါတယ်။ ကမ္ဘာပေါ်မှာ ငွေကြေးလည်ပတ်မှု အများဆုံးတွင်လည်း မူးယစ်ဆေးဝါးရောင်းဝယ်မှု ငွေကြေးပါဝင်ပါလိမ့်မယ်။ ဒီလိုလှပပြီး အရသာရှိတဲ့ ငွေကြေးများစွာ လည်ပတ်နေတဲ့ မူးယစ်ဆေးဝါး ကမ္ဘာဟာ ထုထည်ကြီးမားပြီး အင်အားကောင်းသောကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန တစ်ခုတည်းနဲ့ ထိရောက်အောင်မြင်ရန် ခက်ခဲပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိန်းနဲ့ မူးယစ်ဆေးဝါး သုံးစွဲမှုဟာအစက နယ်စပ်ဒေသများ၊ ထိုမှတစ်ဆင့် ပြည်နယ်အတွင်းပိုင်းများ၊ ထိုမှတစ်ဆင့် နိုင်ငံအတွင်းပိုင်းများ မန္တလေး၊ ရန်ကုန် စသဖြင့် တစ်နိုင်ငံလုံးတွင် ပျံ့နှံ့လာနေပြီဖြစ်ပါတယ်။ ယခင်က လူငယ်လောကမှာသာ သုံးစွဲရာမှ ယခုအခါ လူလတ်၊ လူကြီး၊ လုပ်ငန်းရှင်အချို့သာမက ယခုအခါ

အချို့နိုင်ငံ့ဝန်ထမ်းများအထိ စိမ့်ဝင်သုံးစွဲလာနေတာကို တွေ့ရှိရပါတယ်။ ယခင်တုန်းက ဘိန်းစိုက်ခင်း ဆိုတာ အင်မတန်မှ ဝေးလံခေါင်သီတဲ့ နယ်စပ်တွေမှာပဲ စိုက်ကြတယ်လို့ သိခဲ့ရပါတယ်။

ဒါပေမဲ့ အခုအခါမှာတော့ အချို့သောဒေသများမှာ ကတ္တရာလမ်းမကြီးမှလှမ်းမြင်ရတဲ့ ဘိန်းခင်းတွေရှိကြောင်းကိုလည်း ကြားနေရပါတယ်။ မိမိတို့နိုင်ငံ အချို့ဒေသများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းဖြင့် ငွေကြေးလည်ပတ်မှုကောင်းသောမြို့ ဒေသများသို့ အချို့သက်ဆိုင်ရာ ဌာန ဝန်ထမ်းများပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပေးရသော ငွေကြေး၊ ပေါက်ဈေး များတောင် ရှိတယ်လို့ ပြည်သူများထံမှ ပြောဆိုသံတွေကြား သိရပါတယ်။ ဘိန်းစိုက်ပျိုးခြင်း၊ ဆွတ်ခူးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်းတို့ဟာ အတွင်းစည်းအထိ အချိတ်အဆက်မိမိနဲ့များ လုပ်နေကြပြီလားလို့ဆိုပြီး ယနေ့ပြည်သူများ စိုးရိမ်လာနေကြပါတယ်။ အချို့မူးယစ်ဆေးဝါးများ ရောင်းဝယ်ပြီး ငွေကြေးပြည့်စုံလာတဲ့အခါ မရောင်းချင်တော့ဘူးဆိုရင်လည်း ဆက်ပြီးရောင်းကို ရောင်းနေရတဲ့အနေအထားမျိုးရှိကြောင်းကိုလည်း ပြည်သူများထံမှ ကြားသိရပါတယ်။ မူးယစ် ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းကိုလည်း ဥပဒေပြင်ပမှ တရားမဝင် အခွန်ပေးဆောင်ပြီး တရားဝင်လို ရောင်းဝယ်ဖောက်ကားနေသော လုပ်ငန်းအဆင့်အနေအထားမျိုးများ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေပြီလား ဆိုပြီးတော့ မိဘပြည်သူတွေက စိုးရိမ်စိတ်နဲ့ ပြောလာကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးတာဝန်ကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူလျက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်အဆက်ဆက် အစိုးရများမှ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပြဿနာကို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ အုပ်ချုပ်ရေးနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး စတဲ့ နည်းမျိုးစုံဖြင့် ကြိုးစားဖြေရှင်း ဆောင်ရွက်ခဲ့ကြပါတယ်။

၁၉၇၆ ခုနှစ်တွင် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အားစတင် ဖွဲ့စည်းခဲ့ပါတယ်။ ပို၍ထိရောက်စွာ အလုပ် လုပ်နိုင်ရန် အတွက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အဖွဲ့ (၁၀) ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများ အစား ထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား အသိပညာပေး လှုံ့ဆော်ပေး ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့တို့ ဖြစ်ပါတယ်။

ဒ့ါအပြင် မူးယစ်ဆေးဝါးကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေးအတွက် မဟာဗျူဟာ (၂) ရပ် ကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဘဝ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုကို လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ပဲ ဖြစ်ပါတယ်။ အဲဒီ မဟာဗျူဟာ (၂) ရပ် အောင်မြင်ရန် နည်းဗျူဟာ (၃) ရပ်နဲ့ နည်းနာနိဿယ (၃) ရပ်ကိုလည်း ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ နည်းဗျူဟာ (၃) ရပ်မှာ ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်း ရေးတို့ဖြစ်ပြီး နည်းနာနိဿယ (၃) ရပ်မှာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့်တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ

ကူးလူး ဆက်ဆံနိုင်ရေး၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားများရဲ့ စီးပွားရေးနဲ့ လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်းကို ၂၀၀၀ ခုနှစ် မှ ၂၀၁၃-၂၀၁၄ အထိ (၅) နှစ်စီ (၃) ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ဘိန်းစိုက်ပျိုးမှုပြဿနာဟာ (၁၅) နှစ်စီမံကိန်း စတင်တဲ့အချိန်မှစ၍ ၂၀၀၆ ခုနှစ်အထိ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှစ၍ ပြန်လည်မြင့်တက်လာခဲ့ကြောင်းသိရှိရပါတယ်။ မူးယစ်ဆေးဝါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးတွင် စိုက်ပျိုးမှု (၅၇၈၀၀) ဟက်တာ ရှိပြီးတော့ ၂၀၁၂ ခုနှစ်မှာ (၅၁၀၀၀) ဟက်တာ ရှိခဲ့သဖြင့် ၂၀၁၃ ခုနှစ်မှာ စိုက်ပျိုးမှု(၁၃)ရာခိုင်နှုန်းမြင့်တက်လာကြောင်း တွေ့ရှိရပါတယ်။ ထုတ်လုပ်မှုအနေနဲ့လည်း ၂၀၁၂ ခုနှစ်မှာ မက်ထရစ်တန်ချိန် (၆၉၀)၊ ၂၀၁၃ ခုနှစ်မှာ မက်ထရစ်တန်ချိန် (၈၇၀) တိုးမြင့်လာခဲ့သဖြင့် (၂၆) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါတယ်။

၁၉၉၆ ခုနှစ်မှစတင်၍ စိတ်ကြွရူးသွပ်ဆေးပြားနဲ့ အခြား စိတ်ပြောင်းဆေးအသစ်များ ပြဿနာ ထပ်မံကြီးပွားလာပြီး ရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှု၊ မူးယစ်ဆေးဝါး အမှုအခင်း ပို၍မြင့်တက်လာခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် တစ်နှစ်အတွင်း တစ်နိုင်ငံလုံးမှ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု တန်ဖိုးဟာ အမေရိကန်ဒေါ်လာ (၇၆) သန်း တန်ဖိုးရှိပြီးတော့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် နေ့မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့အထိ တစ်နှစ်အတွင်း ဖမ်းဆီးရရှိမှုဟာ စုစုပေါင်း အမေရိကန် ဒေါ်လာ (၁၃၀.၉၄) သန်း ဖြစ်ပါတယ်။ ယခင်နှစ်ထက် ယခုနှစ် ဖမ်းဆီးရရှိမှုတန်ဖိုးဟာ (၂)ဆ နီးပါး ပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။ လက်ရှိတွင် မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး အဓိကထုတ်လုပ်ဖြန့်ချိနေတဲ့ နိုင်ငံများတွင်ပါဝင်နေပြီး ကမ္ဘာမှာ အာဖဂန်နစ္စတန် ပြီးရင် ဘိန်းစိုက်ပျိုးမှု အများဆုံးမှာ မြန်မာနိုင်ငံဖြစ်ကြောင်း ရေးသားချက်များကို ဖတ်ရှုလေ့လာ သိရှိရပါတယ်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်တွင် မူးယစ်ဆေးဝါးဗဟိုရုံးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာနအား မူးယစ်အထူး အဖွဲ့ (၂၆) ဖွဲ့၊ တပ်ဖွဲ့ဝင် (၁၁၈၆) ဦးဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အင်အားမလုံလောက်သောကြောင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် စတင်တိုးချဲ့ဖွင့်လှစ်ပြီး တပ်ဖွဲ့ခွဲ (၁) မန္တလေး ၊ တပ်ဖွဲ့ခွဲ (၂) တောင်ကြီး၊ တပ်ဖွဲ့ခွဲ (၃) ရန်ကုန် မူးယစ်တပ်ဖွဲ့စု (၅၀)၊ အင်အား (၂၆၂၆) ဦးနဲ့ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မူးယစ်ဆေးဝါး စစ်ဆင်ရေးများကိုလည်း ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ဇူလိုင်လ ၂၂ ရက်နေ့အထိ သီတာစစ်ဆင်ရေး၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရွှေလီစစ်ဆင်ရေး စသည်ဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်းသိရှိရပါတယ်။

လူထုပူးပေါင်းပါဝင်နိုင်ရန် CCDLC Website ထားရှိကြောင်းနဲ့ ပြည်သူများ အလွယ်တကူ မူးယစ်ဆေးဝါးသတင်း ပေးပို့နိုင်ရန် Hot Line ဖုန်းနံပါတ်များကို တာချီလိတ်၊ လားရှိုး၊ မူဆယ်၊ တောင်ကြီး၊ ကွမ်လုံ၊ တန့်ယန်း၊ ရန်ကုန်၊ မန္တလေးမြို့များတွင် စီစဥ်ထားရှိကြောင်း သိရှိရပါတယ်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံတကာနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနဲ့ ဘိန်းစိုက်တောင်သူများရဲ့ လူနေမှုဘဝ မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ မှုခင်းဆိုင်ရာရုံး UNODC နှင့်သော်လည်းကောင်း၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ ONCB နှင့်သော်လည်းကောင်း၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် NNCC နှင့်သော်လည်းကောင်း ပူးပေါင်းပြီး အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ ကဏ္ဍအလိုက်အဖွဲ့ (၁၀)ဖွဲ့၊ နိုင်ငံတကာအဖွဲ့တို့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဗဟိုရုံး၊ မူးယစ်ဆေးဝါးပပျောက်ရေးဌာန ၊ မူးယစ်အထူးတို့ဟာ မဟာဗျူဟာ၊ နည်းဗျူဟာ၊ နည်းနာနိဿယ စစ်ဆင်ရေးစီမံကိန်းများဖြင့် စဥ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေသော်လည်းပဲ စိုက်ပျိုးသူ၊ ရောင်းဝယ်ဖောက်ကားသူ၊ သုံးစွဲသူနဲ့ အမှုအခင်းများမှာ ပို၍သာ များလာတာကို တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုဟာ တရားခံ ကျား (၅၉၇၀)၊ မ (၁၁၆၇) ဦး စုစုပေါင်း တရားခံ (၇၇၃၇) ဦး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလရဲ့ ဖမ်းဆီးရမှုဟာ ကျား (၁၁၆၄) ဦး၊ မ (၂၀၂) ဦး စုစုပေါင်း (၁၃၆၆) ဦး ဖြစ်ပါတယ်။ လအလိုက် ပျမ်းမျှတွက်ရင် ပိုမိုများပြားလာတဲ့ အခြေအနေကိုတွေ့ရပါတယ်။

မူးယစ်ဆေးဝါးနဲ့ပတ်သက်၍ ကျွန်တော့်မိသားစု၊ ကျွန်တော့်ရပ်ကွက်၊ ကျွန်တော့်မြို့၊ ကျွန်တော့် ပြည်နယ်အကြောင်းကိုလည်း အနည်းငယ်တင်ပြလိုပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်မိသားစုဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀)လောက်မှစ၍ ယနေ့အထိဆိုရင် Generation (၂) ဆက်အထိ ထိခိုက်ခံစားခဲ့ရပြီး ဖြစ်ပါတယ်။ ကျွန်တော့်မိသားစုထဲမှာ ညီအစ်ကို (၃) ယောက် မူးယစ်ဆေးဝါး ကျေးကျွန်ဖြစ်ခဲ့ရပါတယ်။

လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်တွင် ကျွန်တော်တို့ ကချင်တိုင်းရင်းသားထဲမှာ နှစ်စဥ် (၁၀) တန်းအောင် ကျောင်းသူ၊ ကျောင်းသားများ အင်မတန်နည်းတဲ့အချိန်မှာ ကျွန်တော့်အစ်ကို (၂) ယောက်စလုံး (၁၀) တန်းအောင်ပြီး ဝန်ထမ်းအရာရှိဘဝတောင် ရောက်ခဲ့ပြီးမှ မူးယစ်ဆေးဝါး ကျေးကျွန်ဖြစ်ပြီး အရွယ်ကောင်းတုန်းမှာ ကွယ်လွန်သွားခဲ့ရရှာပါတယ်။ ကျွန်တော့်အိမ်မှာပဲ ကျွန်တော့် ညီဝမ်းကွဲလည်း မူးယစ်ဆေးဝါးကြောင့် အရွယ်ကောင်းတုန်းမှာ ကျွန်တော့်လက်ပေါ်မှာပဲ ဆုံးသွားခဲ့ရရှာပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဆုံးသွားတဲ့ ကျွန်တော့်ညီအစ်ကို (၃)ယောက်ရဲ့ တစ်ဦးတည်းသော သားများဖြစ်ကြတဲ့ သား (၃) ယောက်စလုံးဟာလည်း ဒုတိယမျိုးဆက် မူးယစ်ဆေးဝါး သားကောင်အဖြစ်နဲ့ ယနေ့ ကျွန်တော့်မျက်စိရှေ့မှာ ဒုက္ခရောက်နေကြပါတယ်။ ကျွန်တော့် အစ်မရဲ့ အမျိုးသားနဲ့ သူ့ညီ (၂) ယောက်စလုံးလည်း မူးယစ်ဆေးဝါး သားကောင်အဖြစ် ဆုံးသွားခဲ့ရ ရှာပါတယ်။ ကျွန်တော့် အိမ်ရဲ့ ညာဘက်ကပ်လျက်အိမ်က ညီအစ်ကို (၃) ယောက်စလုံးလည်း မူးယစ်ဆေးဝါးကြောင့် ဆုံးသွားကြပြီး ကျန်တဲ့ညီအစ်မတွေ အိမ်ရောင်းပြီး ပြောင်းသွားကြပါတယ်။ ဘယ်ဘက် ကပ်လျက် အိမ်မှာ ညီအစ်ကို (၂) ယောက် ရှိပါတယ်။ အစ်ကိုဖြစ်သူ မူးယစ်ဆေးဝါးကြောင့် ဆုံးသွားခဲ့ပါတယ်။

ကျွန်တော့်အိမ်ရဲ့မျက်နှာချင်းဆိုင် ညာဘက်က အိမ်မှ ညီအစ်ကို (၂) ယောက်လည်း မူးယစ်ဆေးစွဲပြီး ဘဝပျက်ကာ အိမ်ရောင်းပြီး အခြားကိုပြောင်းသွားကြပါတယ်။ သူတို့မှာ ညီမ တစ်ယောက်ပဲ ရှိတာလည်း သူ့ယောကျာ်းက မူးယစ်ဆေးဝါးကြောင့် ဆုံးသွားပြီး သူကိုယ်တိုင်လည်း မူးယစ်ဆေးဝါး

ရောင်းဝယ်မှုကြောင့် ထောင်ကျပြီး အချုပ်နဲ့ မြစ်ကြီးနားဆေးရုံမှာပဲ ဆုံးသွားပါတယ်။ ကျွန်တော့်အနေနဲ့ လူတစ်ဦးချင်းစီရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာပြီးတော့ အမည်နာမကို ထုတ်ဖော်ပြောကြားခြင်း မရှိတာ ဖြစ်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော် နဝမအကြိမ် ပုံမှန်အစည်းအဝေးအပြီး အိမ်ပြန်တဲ့အချိန် ကျွန်တော့်အိမ်ရဲ့ မျက်နှာချင်းဆိုင်အိမ်မှာ မူးယစ်ဆေးဝါးကို အရောင်းအဝယ်လုပ်ပြီး သုံးလည်းသုံးစွဲ နေကြကြောင်း သိရှိခဲ့ရပါတယ်။

ကျွန်တော့်ညီမအိမ်ရဲ့ မျက်နှာချင်းဆိုင်အိမ်တွင်လည်း မူးယစ်ဆေးဝါးကိုသုံးစွဲပြီး ရောင်းလည်း ရောင်းကြောင်းနဲ့ သက်ဆိုင်ရာဌာနမှလည်း ဝတ်စုံများဖြင့် ဝင်ထွက်သွားလာကြကြောင်း မျက်မြင်များ ပြောပြချက်အရ သိရှိရပါတယ်။ တစ်အိမ်ချင်းအခြေအနေတွေကို ပြောရရင် အများကြီးပဲ ဖြစ်နေပါ တယ်။ တစ်ရပ်ကွက်လုံးရဲ့ (၅၀) ရာခိုင်နှုန်း ဝန်းကျင်သော မိသားစုများဟာ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်း၊ စိုက်ပျိုးခြင်း တစ်ခုခုနဲ့ မကင်းဘူးဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။ တစ်မြို့လုံး၊ တစ်ပြည်နယ်လုံးလည်း ထိုနည်းတူ စိုးရိမ်ရတဲ့အခြေအနေ ဖြစ်နေပါတယ်။ ကျွန်တော့်မြို့၊ ကျွန်တော့် ပြည်နယ်သာမက တစ်နိုင်ငံလုံးမှာလည်း အနည်းနဲ့အများပဲ ကွာပါလိမ့်မယ်။ မူးယစ်ဆေးဝါး အန္တရာယ်ဟာ ယနေ့မြန်မာနိုင်ငံအတွက် ကင်ဆာရောဂါလို ဖြစ်နေပါပြီ။ ရိုးရိုးအရပ်သားထဲမှာ သာမက နိုင်ငံ့ဝန်ထမ်းများအထိပါ ဝင်ရောက်ထိုးဖောက်ပြီး မူးယစ်ဆေးဝါးသားကောင်အဖြစ် ကျရှုံးလျက် ရှိနေတာကို တွေ့ရှိရပါတယ်။

၂၀၁၃ ခုနှစ်တွင် ကချင်ပြည်နယ်မှာ ပြည်သူ့ရဲ (၆၇) ဦး မူးယစ်ဆေးဝါး ဆေးကျပြီးတော့ အမှုဖြစ်သွားပါတယ်။ မြစ်ကြီးနားမှ (၁၉) ဦးပါဝင်ပြီး ရဲချုပ် (၁) နှစ် ၊ အရပ်ချုပ် (၄) နှစ် စုစုပေါင်း (၅) နှစ်စီ ပေးဆပ်သွားကြရတော့မှာ ဖြစ်ကြောင်း ကြားသိရပါတယ်။ ပြည်သူ့ရဲဝန်ထမ်းအချို့ကတော့ မသုံးစွဲဘဲ အမှုဖြစ်သွားတဲ့အထဲ (၁၀) ဦး ဝန်းကျင်ပါသွားကြောင်းလည်း ကြားသိရပါတယ်။ ဝန်ထမ်း များ မူးယစ်ဆေးဝါး သားကောင်အဖြစ် ဆုံးရှုံးသွားရသလို သူတို့မိသားစု၊ သားသမီးများ စားဝတ်နေရေး နဲ့ ကျောင်းနေရေးတွေလည်း အင်မတန်ခက်ခဲသော ဘဝကို ရောက်သွားရပါတယ်။ ဒီလိုနိုင်ငံ့ဝန်ထမ်း ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးတဲ့ နိုင်ငံတော်အတွက်လည်း အင်မတန် ဆုံးရှုံးရပါတယ်။ လွန်ခဲ့တဲ့ (၄) နှစ်ဝန်းကျင်က ကချင်ပြည်နယ် ရဲမှူးကြီးတွေလည်း မူးယစ်ဆေးဝါးကိစ္စကြောင့် တာဝန်မှရပ်စဲ ခြင်း ခံရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူလူထုများဟာ မိမိတို့မိသားစုများတွင် သားသမီးများ၊ ယောကျ်ားများ၊ ဆွေမျိုးများ၊ မူးယစ်ဆေးဝါး သုံးစွဲသူ များလာသောကြောင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ မိသားစုတိုင်း ခါးသီးစွာ ခံစားနေရပါတယ်။ ကြီးလာမယ့် မိမိတို့ရဲ့သားသမီးများအတွက် မူးယစ်ဆေးဝါး အန္တရာယ်ကို စိုးရိမ်ထိတ်လန့်၍သော်လည်းကောင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဒုက္ခများကို ဆက်လက်မခံစားနိုင်တော့၍သော်လည်းကောင်း လူထုမှ အစုအဖွဲ့အလိုက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလှုပ်ရှားမှုတွေ လုပ်လာတာကို တွေ့ရှိရပါ တယ်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် မြစ်ကြီးနားမြို့ မနောကွင်း၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဟောပြောပွဲကို လူထုအစီအစဉ်ဖြင့် ပရိသတ်ပေါင်း (၃၀၀၀)ဝန်းကျင် တက်ရောက်ပြီး ဆောင်ရွက် ခဲ့တာကို တွေ့ရှိရပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့သည်လည်း ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့

တွင် မြို့တော်ခန်းမ၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ပြည်သူလူထုနှင့် အတူ ဆောင်ရွက်ခဲ့ကြောင်း ကြားသိရပါတယ်။

ဖားကန့်မြို့နယ်တွင်လည်း ထိုနည်းတူ ဆောင်ရွက်လာကြကြောင်း ကြားသိရပါတယ်။ မြစ်ကြီးနားမြို့၊ မန်ထိန်ရပ်ကွက်၊ ပန်မတီးရပ်ကွက်၊ ရန်ဘိုရပ်ကွက်၊ တပ်ကုန်းရပ်ကွက်၊ ဒူထောက် ရပ်ကွက်များဟာလည်း သက်ဆိုင်ရာအထူးမူးယစ်နဲ့လက်တွဲပြီးတော့ ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ မြစ်ကြီးနားမြို့မှာ ၂၀၁၁ ခုနှစ်မှာ မူးယစ်အမှု (၂၉၄) မှု၊ ၂၀၁၂ ခုနှစ်၊ (၃၆၅) မှု၊ ၂၀၁၃ ခုနှစ်မှာ (၆၄၈) မှု၊ ၂၀၁၄ ခုနှစ်၊ နှစ်ဝက်မှာ (၂၈၀) မှုတို့ဖြင့် သက်ဆိုင်ရာဌာနများက ကြိုးစား ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ မြစ်ကြီးနားမြို့ မန်ထိန်ရပ်ကွက်က ရပ်မိရပ်ဖ များဆိုရင် စုပေါင်းပြီး ရပ်ကွက်ရှိ မူးယစ်ဆေးဝါးရောင်းချသူများ သုံးစွဲသူများကို ပထမလိုက်လံ သတိပေးခြင်း၊ ဒုတိယ ဖမ်းဆီး၍ ပညာပေးခြင်း၊ သက်ဆိုင်ရာ ရဲလက်သို့အပ်ခြင်းများကို ဆောင်ရွက်နေကြကြောင်း အရပ်သားများသာမက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရဲ(၂)ဦးကိုပါဖမ်းမိပြီး သက်ဆိုင်ရာ ရဲတပ်ရင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကြားသိရပါတယ်။

ဗန်းမော်မြို့၊ မြန်အောင်သာ ရပ်ကွက်မှ ရပ်မိရပ်ဖများလည်း မခံနိုင်လွန်းသောကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနရဲ့ ဌာနအဆင့်ဆင့်သို့ တင်ပြ အကြောင်းကြားထားပြီး ကွင်းဆင်း၍လည်း ဆောင်ရွက်နေကြကြောင်းနဲ့ ကချင်ပြည်နယ် ရဲမှူးကြီးထံသို့လည်း အစီရင်ခံစာနှင့်တကွ သတင်းပို့ထားပြီးဖြစ်ကြောင်းလည်း ကချင်ပြည်နယ် ရဲမှူးကြီးမှလည်း တစ်ပြည်နယ်လုံးတွင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်းကို အားပေးပြောကြားသည်ဟု ကြားသိရပါတယ်။ ဖားကန့်မြို့၊ ကာမိုင်းမြို့ရှိ အချို့သောကျေးရွာ၊ ရပ်ကွက်များတွင်လည်း မူးယစ်ဆေးဝါးကို တိုက်ဖျက်ရန်အတွက် ပြင်ဆင်ဖွဲ့စည်းလာကြကြောင်းနဲ့ ကွတ်ခိုင်မြို့၊ နမ့်ဖတ်ကာတွင်လည်း မိမိတို့ယောကျ်ားများ ဘိန်းစားများ ဖြစ်ကုန်သောကြောင့် မိန်းမများဖွဲ့ပြီး မိမိတို့ယောကျ်ားများကို ဝိုင်းဝန်းဖမ်းဆီးကြကြောင်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတွင် ပြည်သူလူထုရဲ့အခန်းကဏ္ဍဟာ အင်မတန် အရေးကြီးပြီး ပြည်သူလူထုပါဝင်မှု အဓိက ဖြစ်ပါတယ်။ ပြည်သူလူထု ပါဝင်မှုအတိုင်းအတာဟာ အောင်မြင်မှုရဲ့ အတိုင်းအတာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နောက်ထပ် (၅) နှစ်ထပ်တိုးပါတယ်။ စီမံကိန်းရဲ့ ရည်ရွယ်ချက်မှာ ပြည်သူလူထုနဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်ရန်ဟု ထည့်သွင်းထားခြင်း၊ ဇွန်လ ၁၆ ရက်နေ့ ပြည်သူ့လွှတ်တော်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားရာမှာ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုပါ အားလုံးပူးပေါင်းဆောင်ရွက်မှသာ ရေရှည်မှာ ပပျောက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်လို့ ဖြေကြားခဲ့ခြင်းတို့ဟာ ယနေ့ပြည်သူလူထု လှုပ်ရှား ဆောင်ရွက်ရခြင်းနဲ့ ချိန်သားကိုက် ဖြစ်နေပါတယ်။ လူထုလှုပ်ရှားမှုနဲ့ လူထုအင်အားနဲ့ သက်ဆိုင်ရာဌာနတို့ စနစ်တကျ လက်တွဲ ဆောင်ရွက်သွားနိုင်ရန် လိုအပ်မည် ဖြစ်ပါတယ်။

မိမိတို့ လွှတ်တော်သည် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့ မိမိတို့လွှတ်တော်ရဲ့ ဆောင်ပုဒ်၊ မိမိတို့လွှတ်တော်ရဲ့တာဝန် ဖြစ်နေပါသည်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာတစ်နိုင်ငံလုံးနေရာအနှံ့တွင် တိုင်းပြည်တာဝန်ကို ပြည်သူလူထုဘက်မှ တာဝန်ကျေပွန်စွာ တာဝန်ထမ်းဆောင်နေသော အဖွဲ့တစ်ခု ရှိပါတယ်။ အောက်ခြေတွင် ဆောင်ရွက်ရသော နိုင်ငံတော်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့လုပ်ငန်းတိုင်းမှာ ထောင့်စေ့အောင် တာဝန်ကျေပွန်စွာ အမြဲပါဝင်နေတဲ့ ရပ်ကျေးဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ပဲ ဖြစ်ပါတယ်။ ဒီအထောက်အကူပြုအဖွဲ့များဟာ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ဖွံ့ဖြိုးရေး သိန်း (၁၀၀၀)ကိစ္စမှာလည်း အောင်မြင်အောင် ပါဝင်ပေးခဲ့ကြပါတယ်။ ၎င်းကိုနမူနာယူပြီး မိမိတို့လွှတ်တော်မှ ပြည်သူတို့ရဲ့အသံ၊ ပြည်သူတို့ရဲ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်နဲ့ ပြည်သူတို့ရဲ့ကောင်းသောလှုပ်ရှားမှုတို့ကို ထိရောက်မှုရှိအောင် အကောင်အထည်ဖော်ပေးရန် လိုအပ်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ပတ်သက်၍ သက်ဆိုင်ရာဌာန အုပ်ချုပ်ရေးပိုင်းနဲ့ ပြည်သူလူထုမှ လက်တွဲပြီး ဆောင်ရွက်သွားနိုင်ရန် ရပ်/ကျေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များကို စိတ်အားထက်သန်သော၊ အားကိုးအားထားထိုက်သော ရပ်မိရပ်ဖများဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်၊ ထိုနည်းတူ မြို့နယ်ခွဲကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ အခုအချိန်ဟာ အစိုးရဘက်ကရော၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး ပပျောက်ရေးဌာနအနေနဲ့ရော၊ ပြည်သူလူထုဘက်ကရော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို လက်တွဲဆောင်ရွက်ရန် အခြေအနေနှင့် အချိန်အခါ တောင်းဆိုနေသလို မြန်မာနိုင်ငံကို ကင်ဆာရောဂါကဲ့သို့ဖြစ်နေသော မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကယ်တင်နိုင်ဖို့ရန်လည်း အချိန်မီ ဖြစ်ပါလိမ့်မယ်။ သို့မဟုတ်ပါက စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ရသော မိမိတို့နိုင်ငံအတွက် မူးယစ်ဆေးဝါးဟာ အန္တရာယ်ကြီး ဖြစ်လာပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်ဆင့်တွင် ပြည်သူလူထုများမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များကို တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနအုပ်ချုပ်ရေးအဖွဲ့များနဲ့ လက်တွဲ၍ တစ်နိုင်ငံလုံးတွင် နေရာလပ် မရှိအောင် ဆောင်ရွက်သွားရင် အင်မတန် ထိရောက်သော လူထုပါဝင်လှုပ်ရှားမှု ရရှိလာမှာဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ထိရောက်အောင်မြင်လာမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံလူထုများမှ ရပ်ကွက်၊ ကျေးရွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များကို တစ်နိုင်ငံလုံးတွင် အဆင့်ဆင့်ဖွဲ့စည်းပြီး မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ စိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ ကို ဒေသခံ ပြည်သူလူထု ပါဝင်၍ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုဟာ တစ်မျိုးသားလုံးအရေး ဖြစ်တဲ့အတွက်ကြောင့် လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန်" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူမရှိပါ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခက်ထိန်နန် ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ဦးခက်ထိန်နန် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

ဦးခက်ထိန်နန် တင်သွင်းတဲ့ ဓာတ်ပုံများက လက်တလော ရိုက်ထားတဲ့ ဓာတ်ပုံတွေလား။ ဒါမှမဟုတ် တခြားကနေပြီးတော့ တွေ့တဲ့နေရာကနေပြီးတော့ ဆွဲပြီးတင်တဲ့ ဓာတ်ပုံတွေလား။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၁-၂၀၁၂ က ပုံအချို့ ပါဝင်ပြီးတော့ အချို့ပုံတွေဟာ အခုနောက်ဆုံးအခြေအနေ လွန်ခဲ့တဲ့ (၃)လ၊ (၄)လ ဝန်းကျင်က ဓာတ်ပုံတွေလည်း ပါပါတယ်။ ကျွန်တော် ကြည့်လိုက်တာကတော့ ပုံတွေအများကြီး မထိုးဖြစ်ဘဲနဲ့ တစ်ခုခု အခက်အခဲကြောင့် ကျန်ခဲ့တယ်လို့ ထင်ပါတယ်။ ပုံ (၁၁၀) ကျွန်တော် စီစဥ်ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ပုံတွေက လွှတ်တော်မှတ်တမ်းမှာ ထည့်တဲ့အခါကျတော့ ဒါမျိုးကလက်တလောဖြစ်တဲ့ ဥစ္စာပဲထည့်သင့်တယ်။ ဟိုအရင့် အရင်ဖြစ်ခဲ့တဲ့ ကိစ္စတွေ ထည့်တယ်ဆိုလို့ ရှိရင် မသင့်တော်ဘူး။ လွှတ်တော်မှတ်တမ်းမှာ ထည့်ချင်တယ်ဆိုရင် ရက်စွဲပါတဲ့ ပုံကိုပေးပါ။ ရက်စွဲပါတဲ့ပုံမဟုတ်လို့ရှိရင် လွှတ်တော်မှတ်တမ်းမှာ ထည့်မပေးဘူး။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၀)ရက်မြောက်နေ့အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မိမိတို့ စီမံခန့်ခွဲနိုင်အောင် ဒသမအကြိမ် လွှတ်တော်ကို ဇူလိုင်လ (၃၁) ရက်နေ့မှာ ရပ်နားဖို့လျာထားကြောင်း အသိပေးအပ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]